www.dhammaransi.com

ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့

# ဓောင်ကြိုဘုရားသမိုင်း

[illegible]
စာကြည့်တိုက်
[illegible]

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ရိုက်နှိပ်သည်

သာသနာ - ၂၅၃၉ ကောဇာ - ၁၃၅၇ ၁၉၉၅

www.dhammaransi.com

၂၂၇၂၈

ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့

# ဘော်ကြိုဘုရားသမိုင်း

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ရိုက်နှိပ်သည်

သာသနာ - ၂၅၃၉ ကောဇာ - ၁၃၅၇ ၁၉၉၅

www.dhammaransi.com

ပထမအကြိမ် (ပြန်လည်) ရိုက်နှိပ်ခြင်း အုပ်ရေ−၁၀၀၀၀ ၁၉၉၅−ခုနှစ်

ဒုတိယအကြိမ် (ပြန်လည်) ရိုက်နှိပ်ခြင်း အုပ်ရေ−၁၀၀၀၀ ၁၉၉၅−ခုနှစ်


တတိယအကြိမ် (ပြန်လည်) ရိုက်နှိပ်ခြင်း အုပ်ရေ−၁၀၀၀၀ ၁၉၉၅−ခုနှစ်

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်မောင်
(မှတ်ပုံတင်အမှတ်−၀၂၄၀၅/၀၂၅၂၇)က
ပုံနှိပ်ထုတ်ဝေသည်။

www.dhammaransi.com

ရန်ကုန်မြို့ညီနောင်မြောက်ကိုပိုင်း ။ ဝိဝေါ်ကြီး

# တော်ကြီးဘုရားသမိုင်း



သာသနာသက္ကရာဇ် ၂၄၉၃ ခု၊ ကောဇာသက္ကရာဇ် ၁၃၁၂ ခု
ခရစ်သက္ကရာဇ် ၁၉၅၀ ခုနှစ်

www.dhammaransi.com




ရတနာစျာန်အောင်၊ ရတနာရန်အောင်၊ ရတနာဉာဏ်အောင်၊ ရတနာမာန်အောင်

# ရှမ်းပြည်မြောက်ပိုင်း၊ သီပေါမြို့နယ်၊ ဘော်ကြိုသမိုင်းဝင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ

www.dhammaransi.com



www.dhammaransi.com



တိယကမ္ဘာစစ်မဖြစ်မီက ဖူးမြင်ရသော ဘော်ကြီးဘုရား (မုဋ္ဌောစေတီ) ပုံတော်

ဋ္ဌောစေတီတော်အား အထက်အုတ်ပြာသာဒ်စေတီတော်မပေါက်ခင်
ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက ဖူးတွေ့ရပုံ

www.dhammaransi.com

# စကားပင်

ဤစကားပင်မျိုး မှ အသားမြင့် ရုပ်ပွား ဆင်းတုတော် များ
ထုလုပ်၍ ပုဂံပြည့်ရှင် 'နရပတိစည်သူ' မင်းကြီး မှ -
ရှမ်း နှင့် မြန်မာ ချစ်ကြည်ရေး အတွက်၊
ကောဇာသက္ကရာဇ် -၅၃၆- ခုနှစ်က ရှမ်းကိုးမြို့သို့၊
မွန်မြတ်သော ဗုဒ္ဓ လက်ဆောင်အဖြစ် စကားသား ရုပ်ပွား
တော် -၁၂- ဆူ ထုလုပ် လှူဒါန်း ခဲ့ပါသည်။

စကားသားရုပ်ပွားတော်များရှိရာ ရှမ်းကိုးမြို့ —

၁၊ သုံးဆယ်ကျေးရွာ — နောင်ချိုမြို့နယ် — (၁) ဆူ
၂၊ မင်းကွန်းကျေးရွာ — ကျောက်မဲမြို့နယ် — (၁) ဆူ
၃၊ တော်ကြို့ကျေးရွာ — သီပေါမြို့နယ် — (၄) ဆူ
၄၊ မိုးမိတ်မြို့ — မိုးမိတ်မြို့နယ် — (၁) ဆူ
၅၊ လွယ်ဆိုင်တောင် — နမ့်ဆန်မြို့နယ် — (၁) ဆူ
၆၊ မိန်းပိုင် ကျေးရွာ — လားရှိုး မြို့နယ် — (၁) ဆူ
၇၊ ယိုမိန်း ကျေးရွာ — သိန္နီမြို့နယ် — (၁) ဆူ
၈၊ မိုင်းတုံမြို့ — မိုင်းကိုင်မြို့နယ် — (၁) ဆူ
၉၊ ကျိုက်လင် ကျေးရွာ — ကျေးသီးမြို့နယ် — (၁) ဆူ

တပေါင်းလ(၆)တပေါင်းပွဲတော်ကို ဤ(၆)မြို့နယ်တွင်ယခု
ထက်တိုင်နှစ်စဉ်ပွဲတော်ကျင်းပ -
မြဲလုပ်လျက်ရှိပါသည်။

[illegible]

www.dhammaransi.com

( ၁ )

# အထူးကျေးဇူးတင်လွှာ

လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကျော် သီရိဓမ္မာသောက မင်းလက်ထက်မှစ၍ ကိုးကွယ်ခဲ့ကြသော သီပေါ- ဘော်ကြို (မုဋ္ဌောစေတီတော်) နှင့် နှစ်ပေါင်း (၈၀၀) ကျော်က နရပတိ စည်သူမင်း လှူဒါန်းခဲ့သော စကားသားရုပ်ပွားတော်များ သမိုင်း ကို တစ်ကြိမ်တစ်ခါမျှ ပုံနှိပ်ထုတ်ဝေနိုင်ခြင်းမရှိခဲ့ရာ ယခု သက္ကရာဇ် ၁၉၉၀၊ ပြည့်နှစ်၊ စက်တင်ဘာလ ၂၁-ရက်၊ မြန်မာ သက္ကရာဇ် ၁၃၅၂-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃-ရက်နေ့၊ သီပေါမြို့၊ မြို့တော်ခန်းမတွင် ဟောင်းနွမ်း ပျက်စီးနေသော သမိုင်းဝင်တန်ခိုးကြီး ဘော်ကြိုဘုရား ဘက်စုံမွမ်းမံရေးလုပ်ငန်း များ ပြုလုပ်ရန် လာရောက်လမ်းညွှန်မှု ပေးခဲ့သော ရှမ်းပြည်နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ အရှေ့ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်သင့်က မရှိမဖြစ်သော ဘော်ကြိုဘုရားသမိုင်းကို တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မထိခိုက်စေဘဲ အရှိကို အရှိအတိုင်း တိတိကျကျ ဘုရားသမိုင်း**စစ်**စစ်ကိုသာ ဝိုင်းဝန်း ရေးသားပြုစု၍ စာအုပ်ထုတ် ကြရန် အထူးမိန့်မှာချက်ကြောင့် ဤဘော်ကြိုဘုရား (မုဋ္ဌော)

www.dhammaransi.com

( ၂ )

စေတီတော်နှင့် ရုပ်ပွားဆင်းတုတော်များသမိုင်းစာအုပ် ဖြစ်ပေါ်လာသည့်အတွက် ရှမ်းပြည်နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်သင့်အား အတိုင်းမသိ ကျေးဇူး ဥပကာရ တင်ရှိကြောင်း၊ သီပေါမြို့နယ်သူ မြို့နယ်သားများကိုယ်စား သမိုင်းပြုစုရေးအဖွဲ့က မှတ်တမ်းတင်အပ်ပါသည်။

ဘော်ကြီဘုရားသမိုင်း ပြုစုရေးအဖွဲ့
သီပေါမြို့။

www.dhammaransi.com

( ၃ )

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ရှမ်းပြည်မြောက်ပိုင်း၊ သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ၊ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘော်ကြိုမုဋ္ဌောစေတီတော်နှင့် ရုပ်ပွားဆင်းတုတော်သမိုင်း

## နိဒါန်း

ဘော်ကြိုဘုရားသမိုင်းကို၁၉၉၀-ပြည့်နှစ်၊ စက်တင်ဘာလ ၂၁-ရက်၊ မြန်မာသက္ကရာဇ် ၁၃၅၂-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃-ရက်နေ့၊ ရှမ်းပြည်နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်သင့် သီပေါမြို့နယ်သို့ ရောက်ရှိလာပြီး မြို့နယ် အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီး ဘော်ကြိုဘုရား (မုဋ္ဌော)စေတီတော် ဘက်စုံပြုပြင်ရေးအတွက် ဘော်ကြိုဘုရား ဂေါပကအဖွဲ့ဝင် လူကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို ဆောင်ရွက်နိုင်ရန် မှာကြားချက် များမှ မရှိမဖြစ် အရေးအကြီးဆုံးဖြစ်သော ဘော်ကြိုဘုရားသမိုင်း ပြုစုရေးကော်မတီကို ကျောက်မဲမြို့နယ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ အမှတ်(၂၃) ခြေလျင်တပ်ရင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး သောင်းတင်၊ သီပေါမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကျော်ညွန့်

www.dhammaransi.com



တို့၏ လမ်းညွှန်မှုဖြင့်ဖွဲ့စည်းကာ အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဘုရားသမိုင်းပြုစုရေးအဖွဲ့က ဤဘော်ကြိုဘုရား (မုဋ္ဌော စေတီတော်) နှင့် စကားသား ရုပ်ပွားတော်များ သမိုင်းကို ပြုစုရေးသားပါသည်။

## ဘုရားသမိုင်း ပြုစုရေးအဖွဲ့

(၁) ဗိုလ်မှူးကျော်ညွှန့် ဥက္ကဋ္ဌ
[ဥက္ကဋ္ဌ၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ သီပေါမြို့ ]

(၂) ဦးကျော်အေး အဖွဲ့ဝင်
[ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး (အငြိမ်းစား)၊ ဘော်ကြို ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ၊ သီပေါမြို့ ]

(၃) ဦးလှမောင် အဖွဲ့ဝင်
[ ဗြဟ္မစရိယအဖွဲ့၊ မြို့လယ်ဓမ္မာရုံ၊ သီပေါမြို့ ]

(၄) ဦးထွန်းအေး အဖွဲ့ဝင်
[ အတွင်းရေးမှူး၊ ဘော်ကြိုဘုရားဂေါပကအဖွဲ့၊ သီပေါမြို့ ]

(၅) ဦးကျော်လွင် အဖွဲ့ဝင်
[ မြို့နယ်ပညာရေးမှူး၊ သီပေါမြို့ ]

(၆) ဦးစိုင်းသာလှိုင် အဖွဲ့ဝင်
[ သတင်းထောက်၊ သီပေါမြို့ ]

(၇) ဦးညွှန့်ဖေလေး အတွင်းရေးမှူး
[ ဥက္ကဋ္ဌ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ သီပေါမြို့ ]

www.dhammaransi.com

# ( ၅ )

# ဘော်ကြိုဘုရားသမိုင်း

နိုင်ငံကျော် ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီး ဘော်ကြို ဘုရား (မုဋ္ဌောစေတီတော်) သည် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်၊ မြောက်ပိုင်း၊ သီပေါမြို့နယ်၊ ဘော်ကြိုကျေးရွာ၊ ရွာဟောင်းနှင့် ရွာသစ်ကြား မန္တလေး – လားရှိုး မော်တော်ကားလမ်း၊ မီရထားလမ်း၏ကြား၊ ဒုဋ္ဌဝတီမြစ် မြောက်ဘက်အရပ်တွင် ထင်ရှားစွာ တည်ထားကိုးကွယ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် တန်ခိုးကြီးသော ရုပ်ပွားဆင်းတုတော်၊ ပုထိုးတော်၊ စေတီတော် များအနက် လူသိများလှသော ရှေးဟောင်းသမိုင်းဝင် ဘော်ကြို ဘုရား(မုဋ္ဌောစေတီတော်) လည်း တစ်ဆူအပါအဝင်ဖြစ်ပါသည်။

ဘော်ကြိုဘုရားကြီးဟုဆိုရာတွင် စေတီတော်နှင့် ရုပ်ပွား တော်များပေါင်း၍ ဘော်ကြိုဘုရားဟု အများပြည်သူတို့ သိရှိ ကြသော်လည်း၊ စေတီ၏ ဒါယကာနှင့် ရုပ်ပွား ဆင်းတုတော်များ၏ ဒါယကာများမှာ တစ်ဦးစီဖြစ်ကြပြီး တည်ထားကိုးကွယ် ထုလုပ် လှူဒါန်းခဲ့သော နှစ်များလည်း ကွာခြားလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## စေတီတော်

ဘော်ကြိုဘုရား (မုဋ္ဌောစေတီတော်) ၏ ဒါယကာမှာ ဂေါတမမြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း (၂၃၄) နှစ် ကြာသောအခါ ပါဋလိပုတ်ပြည်ကြီးနှင့် ဇမ္ဗူဒီပါ တစ်ကျွန်းလုံးကို အစိုးရတော်မူသော သီရိဓမ္မာသောကမင်းကြီး

www.dhammaransi.com



လက်ထက် တတိယသင်္ဂါယနာတင် အထိမ်းအမှတ်အဖြစ် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ရဟန္တာ အရှင်မြတ်ကြီး ဦးစီးနာယကပြုလျက် မြတ်စွာဘုရားထည်ထားတော်မူခဲ့သော သာသနာ (၅၀၀၀) ကာလပတ်လုံး ဗုဒ္ဓသာသာနာ တည်စိမ့် သောငှာ သီရိဓမ္မာသောကမင်းကြီးသည် စေတနာ သဒ္ဓါတရား ရွှေရှုလျက် သာသနာပြုရဟန်းတော်များအား အတိုင်းတိုင်း အပြည်ပြည်သို့ စေလွှတ်ပြီး ရေတွင်းပေါင်း (၈၄၀၀၀)၊ ရေကန် ပေါင်း (၈၄၀၀၀)၊ စေတီပေါင်း (၈၄၀၀၀) တည်ထားကိုးကွယ် ရာတွင် ဉာဏ်ဘော်ကြိုဘုရား (မုဋ္ဌောစေတီတော်)လည်း တစ်ဆူအပါအဝင် ဖြစ်ပါသည်။ ထို့ကြောင့် ဘော်ကြိုဘုရား (မုဋ္ဌောစေတီတော်)၏ ဘုရားဒါယကာမှာ သီရိဓမ္မာသောကမင်း ဖြစ်ပါသည်။ တတိယ သင်္ဂါယနာတင်ပြီးကာလကို ရာစုနှစ် များဖြင့် မှတ်သားရမည် ဖြစ်သော် သာသနာသက္ကရာဇ် (၂၀၀) နှင့် (၃၀၀)ကြားတွင် (မုဋ္ဌောစေတီတော်)အား တည်ထားခဲ့ခြင်း ဖြစ်သည်ဟု ယူဆရပါသည်။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ် ရဟန္တာ အရှင်မြတ်ကြီးသည် တတိယသင်္ဂါယနာတင်၏ အကြီးအမှူး ဖြစ်ပြီး ပဋိသမ္ဘိဒါလေးပါး အဘိညာဉ် ၆–ပါးရ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ရဟန္တာမြတ်ကြီးဖြစ်သည်။

နောင်သောအခါတွင် ဂေါတမမြတ်စွာဘုရားသခင်၏ သာသနာ အဘယ်အရပ်၌ ကောင်းစွာတည်တံ့စည်ပင် လတ္တံ့နည်း ဟု ကြည့်ရှုဆင်ခြင်တော်မူပြီး ဘုရားဒါယကာဖြစ်သော သီရိဓမ္မာသောကမင်းကြီးအား အမိန့်ရှိမှ သီရိဓမ္မာသောက မင်းကြီးလည်း ရဟန္တာအရှင်မြတ်ကြီး အမိန့် ရှိသော ဒေသနှင့် တိုင်းပြည်များတွင်သာ ဂေါတမမြတ်စွာဘုရား သာသနာ အဓွန့်ရှည်ကြာ တည်တံ့ရန်အတွက် စေတီ၊ ပုထိုးများ

တည်ထားသည်ဟူ၍ ကျမ်းဂန်များတွင် လေ့လာတွေ့ရှိရသည့်အတွက် ဘော်ကြိုဘုရား (မုဒ္ဒောစေတီတော်) ကို သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ရခြင်းမှာလည်း ဂေါတမဘုရားအလောင်း နုစဉ်ဘဝအခါ ဝက်မင်းဘဝစံပျော်ရာ ရေကန်သာ (ဝက်လူးအိုင်) နေရာဖြစ်ခဲ့ဖူးသော ဥတ္တရကမ္ဘောဇတိုင်း (ယခု) ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်၊ ဘော်ကြိုကျေးရွာအရပ်တွင် မုဒ္ဒောစေတီတော်တည်ရန် ရဟန္တာအရှင်မြတ်ကြီးက ညွှန်ပြအမိန့်ရှိ၍ တည်ထားခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ရှမ်းလူမျိုးများ ဤအုန်းဘောင် (သီပေါ) အရပ်သို့ သာသနာသက္ကရာဇ် (၄၈၅) ခုနှစ်တွင်မှ ရောက်ရှိလာပြီး၊ အုန်းဘောင်မြို့ကို တည်သည်ဟု ကုန်းဘောင်ရာဇဝင်၌ ဆိုထားသဖြင့် စေတီတော်ကြီးသည် အုန်းဘောင် (သီပေါ) သို့ ရှမ်းလူမျိုးများ ရောက်၍မလာသေးမီ မည်သည့်လူမျိုးစုများ၏ အကူအညီဖြင့် စေတီတော်ကြီးအား တည်ထားခဲ့ကြောင်း မှတ်တမ်းများမရရှိ၍ မသိနိုင်ပါ။ စေတီတော်၏ဘွဲ့တော်မှာ (မုဒ္ဒော) စေတီဖြစ်ပါသည်။ (မုဒ္ဒိ) သဒ္ဒါမှာ လက်တစ်ဆုပ် (၃) ပေ စသည်ဖြင့် ပါဠိအဘိဓာန်က ဖွင့်ဆိုထားသဖြင့် ၎င်းအတိုင်းအတာရှိ ရုပ်ပွားဆင်းတုတော်များ ဌာပနာထားသည့် စေတီတော်ဟု နားလည်ရပါမည်။ ဒို့ရှမ်းပြည် ဦးအုန်းမြင့်ရေးသားခဲ့သော စာမွန်လှစာအုပ်၏ စေတီတော်သမိုင်း၌ သီရိဓမ္မာသောကမင်းကြီးသည်စေတီတော်ကို ရေကန်အလယ်တွင် ရွှေ၊ ငွေ၊ ကြေး၊ ခဲ၊ အုတ်မျိုးတို့ဖြင့် မြေစိုက်ပန္နက်တော်ချ၍

www.dhammaransi.com



အဇာတသတ်မင်း ထားခဲ့သော မွေတော်စစ်ကို ဌာပနာလျက် တည်ဆောက်တော်မူခဲ့သည်။ ဘွဲ့တော်ကိုလည်း (မုဋ္ဌော) စေတီဟု သမုတ်ခဲ့သည်။ ဒေသခံရှမ်းလူမျိုးများ၏ အဆိုအရ စေတီတော် တည်ထားသောနေရာသည် ဘုရားလောင်း နတ်စဉ်ဘဝ ဝက်ဖြူမင်း ဖြစ်စဉ်က နေထိုင်ကျက်စားခဲ့သည့် ရေအိုင်နေရာ၌ စေတီတည်ထားကိုးကွယ်ခဲ့သည်ဟု ပြောစမှတ်စကားရှိခဲ့ပါသည်။ (ရှမ်းဘာသာစကားများဖြင့် ဆက်စပ်ပြန်ဆိုလျှင်) ရှမ်းဘာသာ စကား၌ ဝက်ကို (မူ) နှုတ်သီးနှင့်ထိုးခြင်းကို (ထွိ)ဟု ခေါ်ဆို သဖြင့် (မူ+ထွိ) = (မူထွိ) ဟု ထွက်သော အသံအဓိပ္ပာယ်မှာ ဝက်နှုတ်သီးဖြင့် ထိုးနှိုက်ခြင်း အဓိပ္ပာယ်ရပါသည်။ ထိုသို့ (မူထွိ) ရှမ်းအသံထွက်မှ မြန်မာအခေါ် (မုဋ္ဌော) ဟူသော အသံထွက်သို့ ပြောင်းလာသည်လား ဟူ၍လည်း ထင်ရပါသည်။

## ရုပ်ပွားဆင်းတုတော်များ

ဘော်ကြိုဘုရား (မုဋ္ဌောစေတီတော်)၏ မုခ်လေးမုခ်တွင် ကိုးကွယ်ထားသည့် ရုပ်ပွားဆင်းတုတော် (၄) ဆူ၏ ဘုရား ဒါယကာမှာ ခရစ်သက္ကရာဇ် (၁၁၇၄)ခုနှစ်၊ မြန်မာသက္ကရာဇ် (၅၃၆) (ရသ၊ ဘောမ၊ ၇ရ) ခုနှစ်၌ ပုဂံပြည်ကြီးတွင် မင်းအဖြစ်သို့ရောက်သော မင်းယဉ်နရသိင်္ခ၏ ညီတော် (ကုလားကျမင်း)ခေါ် နရသူ၏ သားတော် နရပတိစည်သူ မင်းကြီးဖြစ်သည်။

ဤနေရာတွင် နရပတိစည်သူမင်းနှင့် အလောင်းစည်သူ မင်း(၂)ပါးမှာ အမှတ်လွဲနေကြကြောင်း သိရပါသည်။ ပုဂံရာဇဝင်

www.dhammaransi.com



ကျမ်းစာများတွင် အလောင်းစည်သူမင်းသည် ကောဇာသက္ကရာဇ် (၄၅၄) ခုနှစ်တွင် မင်းဖြစ်ပြီး (သိရိတြိဘဝနာဒိတျပဝရပဏ္ဍိတ သုဓမ္မရာဇာ မဟာဓိပတိ နရပတိစည်သူ) ဟူသော ဘွဲ့တော် တံဆိပ် နာမည်ကိုလည်း ခံယူတော်မူသည်ဟုလည်း ဆို၏။ ကောဇာသက္ကရာဇ်(၅၂၉)ခုနှစ်တွင် နတ်ရွာစံ၏၊ အလောင်းစည်သူ မင်း၏ သားတော်ဖြစ်သော နရသူ ခေါ် (ကုလားကျမင်း)သည် ကောဇာသက္ကရာဇ် (၅၂၉)တွင် နန်းတက်၏။ (၅၃၃)တွင် နတ်ရွာစံ၏။ နရသူမင်း၏ သားတော် မင်ယဉ်နရသိင်္ခ (၅၃၃) ခုနှစ်တွင် နန်းတက်ပြီး နန်းသက် (၃)နှစ်သာနန်းစံရပြီး ဝေဠုဝတီမိဖုရားကို အကြောင်းပြု၍ ကံတော်ကုန်ခဲ့၏။

ယခု ဘော်ကြိုဘုရား (မုဋ္ဌောစေတီတော်) ၏ မုခ်(၄)မုခ် တွင် စကားသား ရုပ်ပွားတော်များ လှူဒါန်းသွားသော နရပတိစည်သူမင်းမှာ ၎င်း၏အဘိုး"အလောင်းစည်သူ"ဟူသော ဘွဲ့တော်ဖြစ်သည့် (သိရိတြိဘဝနာဒိတျပဝရပဏ္ဍိတ သုဓမ္မ ရာဇာ မဟာဓိပတိ နရပတိစည်သူ)ဘွဲ့ကိုပင် ခံယူသောကြောင့် အမှတ်မှားနေကြပါသည်။

စကားသား ဘုရားဒါယကာ နရပတိစည်သူမှာ ကောဇာ သက္ကရာဇ် (၅၃၆) ခုနှစ်တွင် နန်းတက်သော ပုဂံပြည့်ရှင်ဖြစ်သည်။

(အလောင်းစည်သူနှင့်ဆိုလျှင် မြေးအဘိုး တော်ပါသည်)

ပုဂံရာဇဝင်တွင် နရပတိစည်သူမင်းကြီးသည် စကားသား များဖြင့် ဘုန်းကြီးကျောင်း (၉) ကျောင်းကို ဆောက်လုပ် လှူဒါန်းခဲ့သည့်အတွက် စကား (၉) ကျောင်းဒါယကာ ဟူ၍

www.dhammaransi.com



လည်းကောင်း၊ စကား(၉)ပိုင်းဖြင့် ဗုဒ္ဓရုပ်ပွား ဆင်းတုတော် ထုလုပ် လှူဒါန်းခဲ့သည့်အတွက် စကား(၉)ပိုင်း ဒါယကာဟူ၍ လည်းကောင်း ဂုဏ်ပြုမှည့်ခေါ်ထားသည်ကိုလည်း တွေ့ရပါသည်။ ထို့အပြင် ၎င်း၏မိဖုရားခေါင်ကြီးဖြစ်သော ဝေဠုဝတီ မင်းသမီးကြီးမှာလည်း အထက်ပါနည်းအတိုင်း စကားသားဖြင့် ဘုန်းကြီးကျောင်း (၅) ကျောင်း ဆောက်လုပ် လှူဒါန်း ခဲ့သည့် အတွက် စကား (၅) ကျောင်း ဒါယိကာမကြီးဟူ၍လည်း ဝိသေသပြုထားပါသည်။ ဘော်ကြိုဘုရား (မုဋ္ဌော စေတီတော်) ၏ မုခ်လေးမုခ်တွင်လည်းကောင်း၊ ရှမ်းတိုင်းရင်းသားလူမျိုးများ ကိုးကွယ်ရန်အတွက်လည်းကောင်း၊ ရှမ်းပြည်နယ်တစ်ခွင်သို့ နရပတိစည်သူ မင်းကြီးမှ ဗုဒ္ဓလက်ဆောင်အဖြစ် သာသနာ ထွန်းကားပြန့်ပွားရန် ရည်သန်၍ စကား(၉)ပိုင်း ရုပ်ပွားတော်များ ထုလုပ်လှူဒါန်းရာတွင် ဤဘော်ကြို(မုဋ္ဌော စေတီတော်)တွင် ကိုးကွယ်ပူဇော်ထားသော ရုပ်ပွားတော် များလည်း အပါအဝင် ဖြစ်သည်။

ဘော်ကြိုဘုရား(မုဋ္ဌောစေတီတော်)တွင် ပူဇော်ထားရှိသော ရုပ်ပွားတော် (၄) ဆူမှာ စကားသား (၉) ပိုင်း၏ အရင်းပိုင်း (၁)ပိုင်းမှ ထုလုပ်ထားသော ရုပ်ပွားတော် (၄) ဆူ ဖြစ်ပါသည်။

စကားသား (၉) ပိုင်း ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ် လှူဒါန်းသော နရပတိစည်သူမင်းကြီးသည် စကားသား ဗုဒ္ဓရုပ်ပွားတော်များအားလုံး ရှမ်းပြည်နယ်သို့ ဗုဒ္ဓလက်ဆောင် အဖြစ် ပေးလှူဒါန်းခြင်းဖြစ်ပါသည်။ ထိုသို့ပေးလှူခြင်းမှာ အဘိုးဖြစ်သော အလောင်းစည်သူမင်းလက်ထက် ဖောင်စကြာဖြင့် လှည့်လည်စဉ် (ဥပမာ) ထင်ရှားသည့် အင်းလေးဖောင်တော်ဦး ရုပ်ပွားတော်များကဲ့သို့ ကုသိုလ်တော်ပြုခြင်းဖြစ်ပေသည်။

www.dhammaransi.com

( ၁၁ )

ရှမ်းပြည်နယ်သည် ဗုဒ္ဓဘာသာဝင် အများစုနေထိုင်ရာဒေသ ဖြစ်ပြီး၊ ထိုဒေသသို့ ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးရာတွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ပေးလှူခြင်း။ ဘုရား၊ ပုထိုးစေတီများ တည်ထားကိုးကွယ်ခြင်းစသည့် ဗုဒ္ဓလက်ဆောင်သည် အခြားလက်ဆောင်များထက် မွန်မြတ်ခြင်း၊ ချစ်ကြည်ရေး တည်မြဲရာတွင် မြတ်ဘုရားသာသနာ တည်သကဲ့သို့ အစွန့်ရှည်ကြာစေခြင်းအတွက် ဖြစ်ပါသည်။ ပုဂံပြည်ကြီးပျက်ပြီးနောက် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်၊ ရတနာပုံခေတ်အထိ ခေတ်အဆက်ဆက် မင်းများသည်လည်း ရှမ်းတို့ဒေသသို့ တစ်ပြည်ထောင်နှင့် တစ်ပြည်ထောင် မင်းနှင့်ပြည်သူများ ချစ်ကြည်ရင်းနှီးမှုပြုရာတွင် ဗုဒ္ဓလက်ဆောင်ပေးလှူခြင်းများက ယနေ့တိုင် သာဓကပေါင်းများစွာရှိခဲ့ပြီး တုမယှဉ်နိုင်သော လက်ဆောင်မွန်ဖြစ်ကြောင်း ထင်ရှားစေခဲ့ပါသည်။

ပုဂံပြည်ရှင် နရပတိစည်သူမင်း စကားသား (၉)ပိုင်းကို ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်လှူဒါန်းခဲ့သော ရှမ်းပြည်နယ် မြောက်ပိုင်း၊ တောင်ပိုင်းမှ မြို့နယ်၊ ကျေးရွာများနှင့် လှူဒါန်းခဲ့သော ရုပ်ပွားတော်အဆူများမှာ –

## ရှမ်းပြည်နယ်မြောက်ပိုင်းတွင်

၁။ နောင်ချိုမြို့နယ် သုံးဆယ်ကျေးရွာတွင် (၁) ဆူ

၂။ သီပေါမြို့နယ် ဘော်ကြိုကျေးရွာတွင် (၄) ဆူ

www.dhammaransi.com



၃။ ကျောက်မဲမြို့နယ် မင်းတုန်းကျေးရွာတွင် (၁) ဆူ
၄။ နမ့်ဆန်မြို့နယ် လွယ်ဆိုင်တောင်တွင် (၁) ဆူ
၅။ မိုးမိတ်မြို့နယ် မိုးမိတ်မြို့တွင် (၁) ဆူ
၆။ လားရှိုးမြို့နယ် မိန်းပိုင်ကျေးရွာတွင် (၁) ဆူ
၇။ သိန္နီမြို့နယ် ဟိုမိန်းကျေးရွာတွင် (၁) ဆူ

## ရှမ်းပြည်နယ်တောင်ပိုင်းတွင်

၈။ ကျေးသီးမန်စန်မြို့နယ်ကျိုင်းလပ်ကျေးရွာတွင်(၁)ဆူ
၉။ မိုင်းကိုင်မြို့နယ် မိုင်းကိုင်တွင် (၁) ဆူ

စုစုပေါင်း စကား (၉) ပိုင်း ရုပ်ပွားတော် (၁၂) ဆူ ဖြစ်ပါသည်။

ဖော်ပြပါ စကားသားရုပ်ပွားတော်များ တည်ရှိရာဒေသ ကျေးရွာ မြို့နယ်များတွင် နှစ်စဉ် တပေါင်းလအတွင်း တပေါင်းပွဲတော်ကို ယခုထက်တိုင် ကျင်းပလျက်ရှိပါသည်။

## စကားသားနှင့် ဗုဒ္ဓရုပ်ပွားတော်များ

စကားသားကို အဘယ်ကြောင့် နရပတိစည်သူမင်းနှင့် ဗုဒ္ဓဘာသာဝင်လူမျိုးများ အလေးအနက်ပြု၍ ဗုဒ္ဓရုပ်ပွားတော်များ၊ ကျောင်းများဆောက်လုပ်ခြင်းတွင် အသုံးပြုခဲ့ကြောင်း လေ့လာကြည့်ရာတွင် စကားပင်ဟူသည်ကား မြန်မာနိုင်ငံသို့ ဗုဒ္ဓ သာသနာနှင့်အတူ ရောက်ရှိလာသော အပင်ဖြစ်၍ အလေး

www.dhammaransi.com



အမြတ်ထားခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အကြောင်းမှာ (စမ္ပာ နဂိုရ် ခေါ် စမ္ပာနဂရ) တိုင်းပြည်မှ မျိုး (ပျိုးပင်) ကို ဗုဒ္ဓသာသနာနှင့်အတူ တပါတည်း ဆောင်ယူခဲ့ကြောင်း မှတ်သားရပါသည်။ စမ္ပာနဂိုရ်မှလာသည့်အတွက် စမ္ပာပင် နောက်ပိုင်းကာလတွင် အလယ်မှ စာလုံး (မ္ပ)ချေပြီး ရှေ့ဆုံးစာလုံး (စ)နှင့် နောက်ဆုံး စာလုံး (က) တွဲ၍ (စက) စကားဖြစ်လာကြောင်း ကျမ်းများ၌ ပြဆိုထားပါသည်။

ရှမ်းဘာသာ၌(စကား)နှင့် ပတ်သက်၍ ရှမ်းတိုင်းရင်းသား တော်တော်များများ အလေးအမြတ် ပြုထားသည်ကိုလည်း အောက်ပါအထောက်အထားများအရ သိရှိရပါသည်။ ဥပမာ– စကားနယ် (ကျေးသီးဝမ်စံနယ် စသည်ဖြင့်) ၎င်းဒေသ၏ အမည်များကိုလည်း (စံဖိတ်) မြန်မာအခေါ် (စကားဖြူ)၊ စံလှိုင် (စကားနီ) စံခမ်း (ရွှေစကား)၊ ဝမ်စံ သို့မဟုတ် မန်စန် (စကားရွာ) စသည်ဖြင့် မိမိတို့ ပိုင်ဆိုင်သောနယ်များ၊ ဒေသများကို (စကား) စာလုံးများဖြင့် ခေါ်ကြသည်ကို ထောက်ချင့်ခြင်းအားဖြင့် သိနိုင်ပါသည်။ ထို့ကြောင့် နရပတိစည်သူမင်းကြီးကလည်း စကားသားများကို ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်ပြီး ပူဇော်ခဲ့ခြင်း ဖြစ်ပေသည်။ ၎င်းပြင် အံကျော်စမ္ပာန် (စကား) ကရမက်၊ နံ့သာဖြူ၊ နံ့သာနီ စသည့် အပင်များသည် ရှေးယခင်အမွေးနံ့သာအတွက် ထီးသုံးနန်းသုံး တော်ဝင်ဆုံးဖြစ်၍ အဖိုးအနဂ္ဃ ထိုက်တန်သည့် အသားများ ဖြစ်ပေသည်။

စကား (၉) ပိုင်းဆင်းတုတော်များတွင် အပါအဝင်ဖြစ်သော ဆင်းတုတော် (၄) ဆူ အုန်းဘောင် (သီပေါ) ဘော်ကြို့အရပ်ရှိ

www.dhammaransi.com



(မဟ္ဗောစေတီတော်)၏ မုခ်လေးမုခ်တွင် ထုလုပ်ရောက်ရှိ ကိုးကွယ်ကိန်းဝင်စံပယ်သော နှစ်မှာ မြန်မာသက္ကရာဇ် (၅၃၆) ခုနှစ်ဖြစ်ကြောင်း၊ ရုပ်ပွား တော်၏အောက်ခြေတွင် ကမ္ဘည်းရေးထိုး ဖော်ပြထားပါသည်။ ထိုသက္ကရာဇ်သည် ပုဂံပြည့်ရှင် နရပတိစည်သူမင်း နန်းတက်သော နှစ်ဖြစ်ပြီး၊ ထိုနန်းတက်သော နှစ်မှာပင် ရှမ်းပြည်၌ ဗုဒ္ဓဘာသာ သာသနာတော် စည်ပင် ပြန့်ပွားရန် ရှမ်းမြန်မာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တို့အတွက် ရည်သန်၍ လှူဒါန်းလိုက်သော ရုပ်ပွားတော်များ ဖြစ်ပါသည်။

ဘော်ကြိုဘုရားကြီး၏ ဗုဒ္ဓပူဇနိယ ပူဇော်ပွဲတော်မှာ ရှေးနှစ်ပေါင်းများစွာ စော်ဘွားကြီးများအုပ်စိုးခဲ့စဉ်က ဘုရားပွဲ နှင့်အတူ လောင်းကစားဝိုင်းများပါ ပါဝင်ခဲ့သည့်အတွက် မြန်မာ ပြည်အရပ်ရပ်မှ ဘုရားလည်းဖူးရင်း လောင်းကစားကြရင်း လာကြသည်ကို တွေ့မြင်ရပြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ထင်ရှားလူသိများသော ဘုရားတစ်ဆူဖြစ်ခဲ့ပါသည်။ ပွဲတော် ရက်ကိုလည်း နှစ်စဉ် တပေါင်းလဆန်း (၇) ရက်နေ့မှ တပေါင်း လပြည့်ကျော် (၁) ရက်နေ့အထိ ဘုရားပွဲတော်အဖြစ် ကျင်းပ ခဲ့ပါသည်။ ၎င်းနောက် လောင်းကစားဝိုင်းများကို နိုင်ငံတော်က ပိတ်ပင်ချိန်မှစ၍ ဘုရားပွဲတော်သက်သက်ကိုသာ တပေါင်းလ ဆန်း (၁၀) ရက်နေ့မှ တပေါင်းလပြည့်ကျော် (၁) ရက်နေ့ အထိ ဗုဒ္ဓပူဇနိယ ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ဘော်ကြိုဂေါပကအဖွဲ့မှ တပေါင်းလပြည့်နေ့တွင် ဘုရား အနေကဇာတင်ခြင်း၊ ဆွမ်းတော်ကြီးကပ်လှူခြင်း၊ သံဃာတော် များအား ဆွမ်းကပ်လှူဒါန်းခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ

www.dhammaransi.com



လှူဒါန်းခြင်းပြုလျက် ယခုထက်တိုင်ပွဲတော်ကို ကျင်းပပြုလုပ်လျက်ရှိပါသည်။ ပွဲတော်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ရဟန်းရှင်လူများ၊ ရှမ်း၊ကချင်၊ပလောင်၊(တအောင်း)၊ကရင်၊ကယား၊ မွန်၊ ဗမာ၊ ရခိုင်၊ချင်း စသောပြည်ထောင်စု တိုင်းရင်းသားများ လာရောက်ဖူးမြော်ကြပါသည်။ (အထူးသဖြင့်သီပေါ၊ ကျောက်မဲ၊ နမ့်ဆန်မြို့နယ်အတွင်း လက်ဖက်တောင်တန်းပေါ်မှ ပလောင် တိုင်းရင်းသားများနှင့် သီပေါမြို့နယ်အတွင်းမှ ဗုဒ္ဓဘာသာဝင် လူမျိုးများ) နှစ်စဉ်နှစ်တိုင်းလာရောက်ဖူးမြော်ကြသည်။

ရှေးယခင်အခါများက ပွဲတော်မကျင်းပမီ လများအတော အတွင်း ရုပ်ပွားတော် လေးဆူကို အုန်းဘောင် (သီပေါ) စော်ဘွားကြီးများက ၎င်းတို့၏ ဟော်နန်းဦးတွင် နန်းဦးကျောင်း ဆောက်လုပ်၍ တစ်နှစ်ပတ်လုံး ကိန်းဝပ်စံပယ်စေပြီး၊ ပွဲတော်ရက်စသောနေ့မှ စော်ဘွားကြီးများကိုယ်တိုင် ကုန်းကြောင်း၊ ရေကြောင်း (ရေကြောင်းတွင် ဒုဋ္ဌဝတီမြစ်အတွင်းမှ ကရဝိက် ဖောင်ဖြင့်လည်းကောင်း၊ ကုန်းကြောင်းတွင်ဆင်တော်ဖြင့် လည်းကောင်း၊ ဘော်ကြိုသို့ ပင့်ဆောင်သွားပါသည်။

ပင့်ဆောင်ရာတွင်လည်း အရှေ့ဘက်မုခ်တွင် ဖူးမြော် ခံမည့် ရတနာမာန်အောင် ဆင်းတုတော်အား ရှေးဦးပထမ ပင့်ဆောင်ရပြီး၊ တောင်ဘက်မုခ်တွင် ဖူးမြော်ခံမည့် ရတနာ ဉာဏ်အောင် ဆင်းတုတော်အား ဒုတိယ ပင့်ဆောင်ရပါသည်။ မြောက်ဘက်မုခ်တွင် ဖူးမြော်အပူဇော်ခံမည့် ရတနာရန်အောင်

www.dhammaransi.com



ဆင်းတုတော်အား တတိယ၊ အနောက်ဘက်မုခ်တွင် ဖူးမြော်အပူဇော်ခံမည့် ရတနာချာန်အောင် ဆင်းတုတော်အား စတုတ္ထ ပင့်ဆောင်ရပြီး၊ မော်တော်ယာဉ်ဖြင့် ပင့်ဆောင်သည့်ခေတ် အထိ ရှေးအစဉ်အလာမပျက်အခမ်းအနားများဖြင့် ပင့်ဆောင်ရပါသည်။

## ရုပ်ပွားတော်များ၏ အလေးချိန်နှင့် ဉာဏ်တော်အမြင့်များမှာ

(က) ရတနာမာန်အောင်ရုပ်ပွားတော်ဉာဏ်တော်
အမြင့် ၄ ၁/၂ ပလ္လင်တော် ၁–၈=၆–၂

(ခ) ရတနာဉာဏ်အောင်ရုပ်ပွားတော်ဉာဏ်တော်
အမြင့် ၃ ၁/၂ ပလ္လင်တော် ၁ ၃/၄=၅ ၁/၄

(ဂ) ရတနာရန်အောင်ရုပ်ပွားတော်ဉာဏ်တော်
အမြင့် ၄ ၃၁/၄ ပလ္လင်တော် ၁ ၃၁/၂=၅ ၆၃/၄

(ဃ) ရတနာချာန်အောင်ရုပ်ပွားတော်ဉာဏ်တော်
အမြင့် ၁ ၂၁/၄ ပလ္လင်တော် ၁–၉=၂ ၈ ၁/၄

မုဋ္ဌောရွှေစေတီတော်မှာ မူလတည်ထားကိုးကွယ်ခဲ့စဉ်က ဉာဏ်တော်အမြင့် အတိုင်းအတာ အမှတ်အသားများ မတွေ့ရှိရသော်လည်း၊ ယခု မုဋ္ဌော ရွှေစေတီဉာဏ်တော် အမြင့်မှာ အောက်ခြေမှ စိန်ဖူးတော်အထိ (၅၁) ပေ ရှိပါသည်။

www.dhammaransi.com

( ၁၇ )

အာရုံခံတန်ဆောင်း အောက်ခြေမှ အုတ်ပြာသာဒ်စိန်ဖူး တော်အထိ အမြင့်ပေ (၁၀၀)ဖြစ်ပါသည်။

စေတီတော်နှင့် ရုပ်ပွားတော်များမှာ ရွှေပိန်းချများဖြစ် ပြီး အထူးသဖြင့် ပုဂံခေတ်လက်ရာများဖြင့် ထုလုပ်ကိုးကွယ် ထားသော ရုပ်ပွားတော်လေးဆူမှာ ဗုဒ္ဓဘာသာဝင်များ နှစ်စဉ် နှစ်ပေါင်းများစွာ ရွှေသင်္ကန်းကပ်လှူကြသဖြင့် မူလပုံပင် ဖမ်းမရ နိုင်လောက်အောင် ရွှေတုံးရွှေခဲကြီးများဖြင့် ဖုထစ်နေသည်ကို ဓာတ်ပုံတော်များတွင် လေ့လာဖူးမြော်နိုင်ကြပါသည်။

ရုပ်ပွားတော်များအား တစ်နိုင်ငံလုံးရှိ ဗုဒ္ဓဘာသာဝင် ဘုရားဖူးများ နှစ်စဉ်ပွဲတော်ရက်အတွင်း ကပ်လှူသွားကြသော ရွှေသင်္ကန်းများ ရွှေပိသာချိန် မည်မျှတိုးနေကြောင်း အောက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည်။

၂၈-၃-၅၆ မတိုင်မီက ချိန်တွယ်မှတ်သားခြင်းမရှိ သဖြင့် မသိရပါ။

| စဉ် | အမည် | နေ့စွဲ | နေ့စွဲ | ခြားနားချက် | နေ့စွဲ | ခြားနားချက် |
|---|---|---|---|---|---|---|
| ၁။ | ရတနာမာန်အောင် (ပလ္လင်ပါ) | ၂၈၊ ၃၊ ၅၆ ၁၁၆ ပိဿာ ၂၅ ကျပ်သား | ၁၂၊ ၄၊ ၇၅ ၁၁၆ ပိဿာ ၇၅ ကျပ်သား | ၅၀ ကျပ်သား | ၁၆၊ ၁၀၊ ၉၀ ၁၁၈ ပိဿာ ၂၀ ကျပ်သား | ၁ ပိဿာ ၇၀ ကျပ်သား |
| | (၃၄)နှစ်တွင်း ၅၀ ကျပ်သား + ၁ ပိဿာ ၇၀ ကျပ်သား။ ၂ ပိဿာ ၂၀ ကျပ်သား တိုးလာသော ရွှေအလေးချိန် | | | | | |
| ၂။ | ရတနာညာဏ်အောင် | ၉၂ ပိဿာ ၆၀ ကျပ်သား | ၉၂ ပိဿာ ၇၅ ကျပ်သား | ၁၅ ကျပ်သား | ၉၄ ပိဿာ ၆၀ ကျပ်သား | ၁ ပိဿာ ၈၅ ကျပ်သား |
| | (၃၄)နှစ်တွင်း ၁၅ ကျပ်သား + ၁ ပိဿာ ၈၅ ကျပ်သား။ ၂ ပိဿာ တိုးလာသော ရွှေအလေးချိန် | | | | | |
| ၃။ | ရတနာရန်အောင် | ၆၄ ပိဿာ ၄၀ ကျပ်သား | ၆၄ ပိဿာ ၇၅ ကျပ်သား | ၃၅ ကျပ်သား | ၉၆ ပိဿာ ၄၀ ကျပ်သား | ၁ ပိဿာ ၆၅ ကျပ်သား |
| | (၃၄)နှစ်တွင်း ၃၅ ကျပ်သား + ၁ ပိဿာ ၆၅ ကျပ်သား။ ၂ ပိဿာ တိုးလာသော ရွှေအလေးချိန် | | | | | |
| ၂။ | ရတနာဈာန်အောင် | ၇ ပိဿာ ၉၀ ကျပ်သား | ၈ ပိဿာ ၂၀ ကျပ်သား | ၃၀ ကျပ်သား | | |
| | လက်ရှိအလေးချိန် ၂၉ ပိဿာ ၉၀ ကျပ်သား။ (ပလ္လင်ပါ) | | | | | |

www.dhammaransi.com



**မှတ်ချက်–**

ရတနာချာန်အောင် ရုပ်ပွားတော်မှာ မသမာသူများခိုးယူရာမှ ပြန်လည်ရရှိပြီးနောက် ပလ္လင်အသစ် ပြုလုပ်လှူဒါန်းထားသဖြင့် ၁၉၇၅–ခုနှစ်နောက်ပိုင်းအလေးချိန် အတိအကျ မသိရတော့ပါ။ ယခု နောက်ဆုံး ၁၆–၁၀–၉၀ ရက်နေ့ အလေးချိန်ကိုသာ ဖော်ပြထားပါသည်။

**မှတ်ချက်–**

ဘုရား (၃) ဆူတွင် တိုးပွားလာသော ရွှေအလေးချိန် ၆ ပိဿာ ၂၀ ကျပ်သား + ၃၀ ကျပ်သား = ၆ ပိဿာ ၅၀ ကျပ်သား ဖြစ်ပါသည်။

## ပထမအကြိမ် ပြန်လည်ပြုပြင်ခြင်း

အထက်ဖော်ပြပါ ဘော်ကြို (မှဋ္ဌော) စေတီတော်နှင့် ဆင်းတုတော်များအား အုန်းဘောင် (သီပေါ) စော်ဘွားဆက် (၈၅) ဆက်မြောက် စောကြာခိုင် (ခေါ်) စောခွန်ဆိုင်မှ (၁၂၂၈ မှ ၁၂၆၄)၊ အုန်းဘောင် (သီပေါ) စော်ဘွား(၈၆) ဆက်မြောက် စောကြာခိုင် (ခေါ်) စောခွန်ဆိုင်၏သားတော် ဆာစောချယ်–သက္ကရာဇ် (၁၂၆၅ မှ ၁၂၉၀) မှလည်းကောင်း၊ အုန်းဘောင် (သီပေါ) စော်ဘွားဆက်(၈၇)ဆက်မြောက်ဖြစ်သော သီပေါစော်ဘွားကြီး စောအုံကြာ–ကောဇာ သက္ကရာဇ် (၁၂၉၀ မှ ၁၃၀၀) ခုနှစ်က လည်းကောင်း မန္တလေးတောင်

www.dhammaransi.com



ရသေ့ကြီးဦးခန္တီနှင့် ပူးပေါင်းကာ မူလရှိပြီး စေတီတော်အား ပြန်လည် မွမ်းမံတည်ထား ကိုးကွယ်ခဲ့ကြ ပါသည်။ စေတီတော်နှင့် ရုပ်ပွားတော် (၄) ဆူမှာ တန်ခိုးတော်ကြောင့် မင်းအဆက်ဆက် စော်ဘွားအဆက်ဆက်နှင့် ဒေသခံ တိုင်းရင်းသားပြည်သူတို့က မပျောက်မပျက်ရအောင် ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြပါသည်။

မှတ်ချက်—

ထိုသို့စေတီတော်ကြီးအား ပြုပြင်ရန် စေတီတော်၏ အောက်ခြေပတ်လည်သို့ တူးဖော်ရာတွင် ရေများစွာထွက်ပြီး ကန်တစ်ခုကဲ့သို့ ဖြစ်နေသဖြင့် ရေကန်ပေါ်တွင် (မုဋ္ဌော)စေတီတော်ကို တည်ထားခဲ့သည်ဆိုခြင်းကို ခိုင်မာစေခဲ့ကြောင်း တွေ့ရှိရသည်။ ၎င်းအပြင် စေတီတော် မဟာတံတိုင်း အပြင်ဘက်၊ အနောက်တောင်ထောင့် ယွန်းယွန်းတွင် စေတီအောက်မှ ထွက်လာသော ရေထွက်ပေါက်တစ်ခုမှာ ယခုထက်တိုင် ရာသီမရွေး ရေထွက်နေသည်ကိုလည်း တွေ့ရပါသည်။

ထိုသို့ပြုပြင်ရာတွင် စေတီတော်အောက်ခြေနှင့်အညီ ရင်ပြင်တော်တည်ဆောက်ခြင်း၊ အုတ်ပြာသာဒ်ပေါက်ရန် အမိုးခုံးများပြုလုပ်ခြင်းအတွက် ပိသုကာကြီး ဦးသူတော်အား တာဝန်ပေးအပ် တည်ဆောက်စေခဲ့ပါသည်။ အထက်မှ အုတ် ပြာသာဒ် စေတီတော် မပေါက်မီကပင် ဧရာမ အာရုံခံတန်ဆောင်းကြီးက လေးဘက်လေးတန်(မုဋ္ဌော)စေတီတော်အား မိုး၍ငုံထားပြီး ရှည်လျားသော ကွန်ကရစ်တိုင်ပေါင်း(၁၀၈)တိုင်ဖြင့် အောက်ခြေမှ

www.dhammaransi.com



အားဖြည့်ထားသဖြင့်ခိုင်ခန့်စွာတည်ဆောက်ထားကြောင်းတွေ့ရှိရပါသည်။ အမိုးမျက်နှာကျက် သုံးဆယ့်နှစ်ကွက်တွင် အင်္ဂတေများဖြင့် တစ်ဆယ့်နှစ်လရာသီခွင် ခြူးပန်း၊ ခြူးနွယ် ပန်းပုလက်ရာများ သွန်းလောင်းထားပါသည်။

(ဒုတိယကမ္ဘာစစ်မဖြစ်မီ ဘော်ကြိုဘုရားပုံတော်ကြည့်)

စေတီတော်အား အုတ်ပြာသာဒ်စေတီပေါက်ရန်အတွက် အမိုးခုံးများပြုလုပ်ပြီးနောက် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားချိန်နှင့် ကြုံနေသည်ကတစ်ကြောင်း၊ စော်ဘွားကြီး စောအုံကြာမှာ နတ်ရွာစံသွားပြီးဖြစ်သည်က တစ်ကြောင်းကြောင့် စေတီတော်အထက် အုတ်ပြာသာဒ်စေတီပေါက်ရန်နှင့် ဂန္ဓကုဋိတိုက်ဆောက်ရန်မှာ ဆက်လက်ပြုလုပ်လှူဒါန်းခြင်း မပြုနိုင်ကြဘဲ ပြီးစီးသလောက်ဖြင့်သာ အဆုံးသတ်ထားခဲ့ရပါသည်။

စေတီတော်ကြီးမှာ ဒုတိယကမ္ဘာစစ်၏ စစ်ဘေးဒဏ်များမှ ကင်းလွတ်ခဲ့ပါသည်။ ထိုကဲ့သို့ ရှေးနှစ်ပေါင်း များစွာမှ ခေတ်အဆက်ဆက်တည်ထားကိုးကွယ်ခဲ့သော(မုဋ္ဌောစေတီ) နှင့် ရုပ်ပွားတော်များစွာ (မုဋ္ဌောစေတီတော်) ၏ မုခ်လေးမုခ်တွင် ကိန်းဝပ် စံပယ်တော်မူကြသည့်အတိုင်းပင် ဖူးတွေ့ရပါသည်။ ရှေ့ပိုင်းတွင် ဖော်ပြထားသော ဘော်ကြိုဘုရား တပေါင်းပွဲတော်ပြီးလျှင် သီပေါဟော်နန်းဦးသို့ ပြန်လည်ပင့်ဆောင် ကိုးကွယ်ထားသည်မှာ ဆင်းတုတော်များ လုံခြုံမှုကြောင့် ဖြစ်ပေသည်။

www.dhammaransi.com

( ၂၂ )

## ဒုတိယအကြိမ် ပြုပြင်ခြင်း

ဘော်ကြိုမုဋ္ဌောစေတီနှင့် ရုပ်ပွားတော်များမှာ ဖော်ပြပြီးခဲ့သည့်အတိုင်း အုတ်ပြာသာဒ်စေတီပေါက်ရန်နှင့် ဂန္ဓကုဋိတိုက်တည်ဆောက်ရန်အတွက် ၁၉၆၆-ခုနှစ်၊ ဇူလိုင်လမှစ၍ သီပေါဘော်ကြိုဘုရားကြီးအား ဒုတိယအကြိမ် ပြန်လည်ပြုပြင်ရန် ဂိုဏ်းချုပ်၊ ဂိုဏ်းထောက် ဆရာတော်များနှင့် ဘော်ကြိုဂေါပကအဖွဲ့လူကြီးများမှ ပြုပြင်မွမ်းမံတည်ဆောက်ခဲ့ရာ၊ စေတီတော်နှင့်အရံစေတီများ၊ ပြသာဒ်စေတီတော်၊ ဂန္ဓကုဋိတိုက်တော်ရင်ပြင်တော် (တာရာဗိုခင်းခြင်း) ပရဝုဏ်အတွင်း ကွန်ကရစ်ခင်းခြင်း၊ စောင်းတန်းနှင့် မုခ်ဦးများ ပြုပြင်တည်ဆောက်ခြင်းစသည့်လုပ်ငန်းများကို (၁၉၇၂) ခုနှစ်ထိ (၆) နှစ်အတွင်း ကျပ်(၂၈၀၀၀၀/-) ကျော်ဖိုး ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

အုတ်ပြာသာဒ်စေတီ ထီးတော်အသစ်ကို ၁၉၆၇ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၂၈-ခု တပေါင်းလပြည့်နေ့ နံနက်တွင် ဆရာတော်သံဃာတော်များဦးဆောင်၍ သီပေါနယ်သူနယ်သားများနှင့် အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်များ စုပေါင်းကာ စည်ကားသိုက်မြိုက်စွာဖြင့် အောင်အောင်မြင်မြင် ထီးတော်တင်လှူဒါန်းခဲ့ပါသည်။

*******

www.dhammaransi.com

ပ-မ-သ-စ ၁၀/၁၆-၅-၉၅ (၁၀၀၀၀) လစ်သို

www.dhammaransi.com